http://www.dhammadownload.com

အရှင်ဆန္ဒာဓိက
ရွှေပါရမီတောရ

# အနှိုင်းမဲ့အဖော်



GRAPHIC
NAY WINN AUNG

http://www.dhammadownload.com

ဓမ္မဒါနကုသိုလ်ရှင်

http://www.dhammadownload.com

ဓမ္မစကားနေ့တိုင်းကြားက၊ စိတ်ထားဖွေးလက်၊ သိဉာဏ်ထက်၏။

. . . . . . . . . . . . . . . .သို့

အမှတ်တရဓမ္မဒါန

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။**

---

**အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။**

---

http://www.dhammadownload.com

အရဟံ၊

ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား။

အရဟံ၊

ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုကို

ပြုတော်မမူသော မြတ်စွာဘုရား။

အရဟံ၊

ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။

- - - - - - - - - - - - - - - - - - - - - - - - -

စာမူခွင့်ပြုချက် – ၆၀၅/၂၀၀၄ ( ၉ )

မျက်နှာဖုံးခွင့်ပြုချက် – ၅၃၃/၂၀၀၄ ( ၉ )

မျက်နှာဖုံးပန်းချီ – နေဝင်းအောင်

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ

ဦးကြင်ရွှေ(၀၃၁၀၅)၊ မိသားစုပုံနှိပ်တိုက်

အမှတ် ၉၀–အေ၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်။

ထုတ်ဝေသူ

တက်လမ်း ဦးရှိန်ဝင်း(၇၃၅)၊ ရွှေပါရမီဓမ္မစာပေဖြန့်ချိရေးအဖွဲ့

အမှတ်(၁၉–အေ/၂)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။

ဓမ္မဒါန

http://www.dhammadownload.com

# အနှိုင်းမဲ့အဖော်

လောကမှာ ရှိရှိသမျှ အဖော်အားလုံးထဲမှာ သဒ္ဓါအဖော်ဟာ အနှိုင်းမဲ့အဖော် ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ သဒ္ဓါအဖော်ထက် ပိုပြီး ပေါင်းသင်းထိုက်ပါတယ်၊ အားကိုးထိုက်ပါတယ်လို့ နှိုင်းယှဉ်စရာ၊ အစားထိုးစရာ၊ ထပ်တူပြုစရာ တခြားအဖော် မရှိတော့လို့ပါပဲ။

သဒ္ဓါအဖော်နဲ့ လဲလှယ်သင့်၊ လဲလှယ်ထိုက်တဲ့ တခြားအဖော် လောကမှာ မရှိတော့တဲ့အတွက် သဒ္ဓါအဖော်ဟာ အနှိုင်းမဲ့အဖော် ဖြစ်ပါတယ်။

'အဖော်' ဆိုတာ ကိုယ်နဲ့ မခွဲမခွာ အမြဲပါနေတဲ့ ပုဂ္ဂိုလ်၊ သို့မဟုတ် အရာဝတ္ထုကို ခေါ်တာပါ။ ကိုယ်ကလွဲရင်

http://www.dhammadownload.com



နှစ်ယောက်မြောက်၊ သို့မဟုတ် နှစ်ခုမြောက်ပေါ့။ သက်ရှိအဖော်နဲ့ သက်မဲ့အဖော်လို့ အဖော် နှစ်မျိုးရှိတဲ့အတွက် သက်ရှိဆိုရင် ကိုယ့်ရဲ့ နှစ်ယောက်မြောက်ပုဂ္ဂိုလ်၊ သက်မဲ့ဆိုရင် ကိုယ့်ရဲ့ နှစ်ခုမြောက် အရာဝတ္ထုဟာ ကိုယ့်ရဲ့ အဖော်ပါပဲ။

သက်ရှိအဖော်ဆိုတာ ကိုယ့်အပေါ် ဘယ်လောက်ပဲ ကောင်းကောင်း၊ ကိုယ့်အနားမှာ တစ်ဖဝါးမခွာ အမြဲမနေနိုင်ပါဘူး။ သူ့အလုပ်နဲ့သူ၊ သူ့ဘဝနဲ့သူမို့ တစ်ခါတစ်ရံ တကယ်လိုအပ်တဲ့အခါမျိုးမှသာ ကိုယ့်အနား လာနေနိုင်တာပါ။

သက်ရှိဆိုတာ စိတ်နဲ့ ဖွဲ့စည်းထားတာမို့ သူစိတ်ပါတဲ့အခါ ကိုယ့်အနား နေမယ်၊ သူစိတ်မပါတဲ့အခါ ကိုယ့်အနား မနေဘူး၊ သူစိတ်ကြည်တဲ့အခါ ကိုယ့်အပါး ကပ်မယ်၊ သူစိတ်မကြည်တဲ့အခါ ကိုယ့်အပါး မကပ်ဘူး ဆိုတာမျိုးလည်း ရှိနိုင်ပါတယ်။ သူ့စိတ်နဲ့သူ အဆင်ပြေသလို နေထိုင်သွားမှာဖြစ်လို့ ကိုယ့်အနားမှာ အချိန်တိုင်း ရှိနေဖို့ဆိုတာ လုံးဝ မဖြစ်နိုင်ပါဘူး။

http://www.dhammadownload.com

## အနိုင်းမဲ့အဖော်

စိတ်ဆိုတာအစိုးမရတဲ့အတွက် အကြောင်းတစ်ခုခု ကြောင့် ကိုယ့်အပေါ် မုန်းတီးသွားပြီဆိုရင်လည်း သူဟာ ကိုယ့်ရဲ့ နှစ်ယောက်မြောက် အဖော် လုံးဝ မဖြစ်နိုင်တော့ပါ ဘူး။ ဒါ့ကြောင့် သက်ရှိအဖော် ဆိုတဲ့ ပုဂ္ဂိုလ်အဖော်ဟာ အစဉ်အမြဲ ပေါင်းသင်းထိုက်တဲ့၊ ထာဝရ အားကိုးထိုက်တဲ့ ကိုယ့်ရဲ့ ဒုတိယမြောက် အဖော်ကောင်းအဖော်စစ် မဟုတ် သေးပါဘူး။

သက်မဲ့အဖော်ကတော့ စိတ်မရှိတဲ့အတွက် သူစိတ် လိုရင် ကိုယ့်နားနေ၊ သူစိတ်မလိုရင် ကိုယ့်နားမနေ ဆိုတာ မျိုး လုံးဝ မရှိနိုင်ပါဘူး။ ကိုယ်ကသာ သူ့ကို အမြဲစိတ်လို တယ်၊ ကိုယ်ကသာ သူ့ကို အမြဲခေါ်ထားတယ်ဆိုရင် ကိုယ့် အနားမှာ သူအမြဲနေနေမှာ သေချာပါတယ်။ ထာဝရ နေခွင့် ပေးထားရင် ထာဝရနေသွားမယ့် အဖော်ဟာ သက်မဲ့အဖော် ပါ။ ဒါ့ကြောင့် သက်မဲ့အဖော်သာလျှင် အစဉ်အမြဲ ပေါင်း သင်းထိုက်တဲ့၊ ထာဝရ အားကိုးထိုက်တဲ့ ကိုယ့်ရဲ့ ဒုတိယ မြောက် အဖော်ကောင်း အဖော်စစ် ဖြစ်ပါတယ်။

သက်မဲ့အဖော်ကလည်း အရာဝတ္ထုအဖော်နဲ့ ဓမ္မ

http://www.dhammadownload.com



သဘာဝအဖော်ရယ်လို့ နှစ်မျိုး ရှိပြန်ပါသေးတယ်။ အရာဝတ္ထုအဖော်ဟာ ကိုယ်သုံးစွဲလိုက်လို့ပဲ ဖြစ်ဖြစ်၊ သူတစ်ပါး ဖျက်ဆီးလိုက်လို့ပဲ ဖြစ်ဖြစ်၊ အချိန်ကာလ ကြာညောင်းပြီး သက်တမ်းစေ့သွားလို့ပဲ ဖြစ်ဖြစ် ပျက်စီးပျောက်ဆုံးသွားနိုင်တဲ့အတွက် အစဉ်အမြဲ ပေါင်းသင်းလို့၊ ထာဝရ အားကိုးလို့ မဖြစ်နိုင်ပြန်ပါဘူး။

ဓမ္မသဘာဝအဖော်ကတော့ သုံးစွဲလေ တိုးပွားလေ ဖြစ်နေတာကတစ်ကြောင်း၊ သူတစ်ပါး ဖျက်ဆီးလို့ မရနိုင်တာကတစ်ကြောင်း၊ သံသရာ မဆုံးမချင်း သက်တမ်းမစေ့တာက တစ်ကြောင်းကြောင့် အစဉ်အမြဲ ပေါင်းသင်းနိုင်၊ ထာဝရ အားကိုးနိုင်ပါတယ်။

ဓမ္မသဘာဝတွေ အများကြီးရှိတဲ့အထဲမှာလည်း 'သဒ္ဓါ' ဆိုတဲ့ ဓမ္မသဘာဝဟာ ကိုယ့်အပေါ် သစ္စာအရှိဆုံး၊ ကိုယ့်အပေါ် ကောင်းကျိုးအပြုဆုံး ဖြစ်တဲ့အတွက် ကိုယ့်ရဲ့ အကောင်းဆုံးအဖော်၊ အနှိုင်းမဲ့အဖော် ဖြစ်ပါတယ်။

သဒ္ဓါဆိုတာ ယုံကြည်မှုပါ။ လောကရေးရာအလုပ်ပဲဖြစ်ဖြစ်၊ ဓမ္မရေးရာအလုပ်ပဲဖြစ်ဖြစ် ယုံကြည်မှုရှိမှ လုပ်ဖြစ်

http://www.dhammadownload.com



ပါတယ်၊ ယုံကြည်မှု မရှိရင် မလုပ်ဖြစ်ပါဘူး။ ယုံကြည်မှုရှိမှ ဦးတည်ချက်ရှိတယ်၊ ဦးတည်ချက်ရှိမှ လုပ်ငန်းအထမြောက်ပါတယ်။ လုပ်ငန်းတစ်ခု ပီပီပြင်ပြင် ရုပ်လုံးပေါ်ဖို့အတွက် ယုံကြည်မှုတည်ဆောက်တဲ့အလုပ်ဟာ အရေးအကြီးဆုံးပါပဲ။

'ယုံကြည်' ဆိုတဲ့ စကားလုံးကို 'ယုံ' တစ်လုံး၊ 'ကြည်'တစ်လုံး၊ နှစ်လုံးခွဲလိုက်ရင် 'ယုံသဒ္ဓါ' နဲ့ 'ကြည်သဒ္ဓါ' လို့ သဒ္ဓါနှစ်မျိုး ထွက်လာပါလိမ့်မယ်။ သဒ္ဓါက နှစ်မျိုးကွဲသွားတာ မဟုတ်ပါဘူး၊ သဒ္ဓါရဲ့ သဘောသဘာဝ၊ လုပ်ငန်းဆောင်တာ၊ အစွမ်းသတ္တိက နှစ်မျိုးကွဲသွားတာပါ။

'ယုံသဒ္ဓါ' ရဲ့ အစွမ်းသတ္တိက ဘုရား၊ တရား၊ သံဃာ၊ ရတနာမြတ်သုံးပါးရဲ့ ဂုဏ်ကျေးဇူး၊ ကံ–ကံရဲ့ အကျိုးနဲ့ ရှေးဘဝ၊ နောက်ဘဝ၊ တမလွန်လောကတွေကို ယုံပါတယ်။ 'ကြည်သဒ္ဓါ' ရဲ့ အစွမ်းသတ္တိက စိတ်ကို ကိလေသာ အနှောက်အယှက်တွေ ကင်းပြီး သန့်ရှင်းကြည်လင်စေပါတယ်။

ယုံသဒ္ဓါက ကြည်သဒ္ဓါကို အထောက်အကူပြု

http://www.dhammadownload.com



သလို ကြည်သဒ္ဓါကလည်း ယုံသဒ္ဓါကို အကူအညီပေးပါ တယ်။ ယုံမှ ကြည်သလို ကြည်မှလည်း ပိုယုံတာပါ။

'ယုံသဒ္ဓါ' ဟာ သူတစ်ဦးတည်း ရပ်တည်နေတာ မဟုတ်ပါဘူး၊ ပညာဆိုတဲ့ အဖော်နဲ့ တွဲပြီး ရပ်တည်နေတာ ပါ။ ပညာအဖော်က . . .

'ယုံလေးရေ . . . ၊ ဘုရားဆိုတာ သိစရာအားလုံး အကုန်သိတဲ့ လမ်းညွှန်ပုဂ္ဂိုလ်ကွဲ့၊ တရားဆိုတာကတော့ ကိုယ့်ဘဝရဲ့ လမ်းညွှန်၊ ကိုယ်လျှောက်လှမ်းရမယ့် လမ်း ကြောင်းအမှန်ပေါ့၊ သံဃာဆိုတာကတော့ အဲဒီလမ်းကြောင်း ပေါ်မှာ ကိုယ်တိုင်လည်း လျှောက်၊ သူတစ်ပါးကိုလည်း ဘုရားကိုယ်စား လက်တွဲခေါ်တဲ့သူတွေလေ၊ ရတနာကြောင့် ရတနာပိုင်ရှင်မှာ ကောင်းကျိုးချမ်းသာ ရသလို ဘုရား၊ တရား၊ သံဃာကြောင့်လည်း ဘုရား၊ တရား၊ သံဃာ အဆုံး အမအတိုင်း လိုက်နာကျင့်ကြံတဲ့သူတွေမှာ ကောင်းကျိုးချမ်း သာ ရနိုင်လို့ ဘုရား၊ တရား၊ သံဃာကို ရတနာသုံးပါးလို့ ခေါ်တာပေါ့၊ ရတနာသုံးပါးကို ပူဇော်ရင်လည်း ရတနာ ပစ္စည်း ပိုင်ဆိုင်ရသလို အကျိုးများတာပါပဲ'

http://www.dhammadownload.com

## အနှိုင်းမဲ့အဖော်

'ယုံလေးရေ . . .၊ ကောင်းတဲ့အလုပ်ပဲ လုပ်လုပ်၊ ဆိုးတဲ့အလုပ်ပဲ လုပ်လုပ်၊ အဲဒီအလုပ်နဲ့အတူ စေ့ဆော်တိုက်တွန်းမှု၊ ကြောင့်ကြစိုက်မှု ဆိုတဲ့ စေတနာစေတ်လေး ပါနေတယ်ကွဲ့၊ အဲဒီ စေတနာစေတ်လေးက အလုပ်လုပ်သူရဲ့အတွင်းသန္တာန်မှာ အကျိုးပေးစေနိုင်တဲ့ သတ္တိတစ်ခုအဖြစ်နဲ့ ကိန်းဝပ်ကပ်ပါသွားတာပေါ့၊ အဲဒီသတ္တိကို ကံလို့ ခေါ်တယ်လေ၊ ကောင်းကံက ကောင်းကျိုးပေးပြီး ဆိုးကံက ဆိုးကျိုးပေးတယ် ဆိုတာကို ယုံလေး ဘယ်တော့မှ မမေ့ပါနဲ့'

'ယုံလေးရေ . . .၊ လူသားတွေ တစ်ဦးနဲ့တစ်ဦး အကျိုးပေး မတူတာကို ကြည့်ခြင်းအားဖြင့် အကြောင်းကံ မတူကြဘူးဆိုတာ အလွယ်တကူ သိနိုင်တယ်နော်၊ အဲဒီ အကြောင်းကံကလည်း ဒီဘဝ မွေးဖွားလာပြီးမှ ထလုပ်ကြတာ မဟုတ်ဘူးလေ၊ ဒါဆို အဲဒီအကြောင်းကံတွေရဲ့ ဖြစ်တည်ရာ အတိတ်ဘဝ ရှိတယ်ဆိုတာ သေချာသွားပြီပေါ့၊ မနေ့ကဆိုတာ ရှိရင် မနက်ဖြန်ဆိုတာ ရှိသလို အတိတ်ဘဝဆိုတာ ရှိရင် အနာဂတ်ဘဝ၊ တမလွန်ဘဝ ဆိုတာလည်း သေချာပေါက်ရှိမှန်း ယုံလေး သဘောပေါက်လောက်ပါ

http://www.dhammadownload.com



တယ်ကွယ်’

ပညာအဖော်က အဲဒီလို စကားမျိုးတွေ အနားက တဖွဖွပြောနေတော့ ယုံသဒ္ဓါကလည်း ယုံသင့်တာမှန်သမျှကို သံသယ ကင်းကင်းရှင်းရှင်းနဲ့ ယုံတော့တာပေါ့။ ဒါ့ကြောင့် ယုံသဒ္ဓါကို ပေါင်းရင် ပညာကိုလည်း ပေါင်းပြီးသား ဖြစ်သွားပါတယ်။

ယုံသင့်တာမှန်သမျှကို စိတ်ချလက်ချ ယုံသွားပြီဆိုရင် စိတ်အစဉ်မှာ ‘ဟုတ်လေသလား၊ မဟုတ်လေသလား’ ဆိုတဲ့ သံသယ အနှောက်အယှက်တွေ ကင်းစင်ပြီး သန့်ရှင်းကြည်လင်သွားပါတယ်။ သံသယကင်းရင် လောဘလည်း ကင်း၊ ဒေါသလည်း ကင်းတဲ့အတွက် ယုံသဒ္ဓါဖြစ်နေတဲ့စိတ်ဟာ ကိလေသာ အနှောက်အယှက်တွေ ကင်းစင်ပြီး ကြည်လင်ချင်တိုင်း ကြည်လင်နေပါတော့တယ်။ ယုံသဒ္ဓါကြောင့် ကြည်သဒ္ဓါဖြစ်သွားတာပေါ့။

ယုံလို့ ကြည်သွားတဲ့ ကြည်သဒ္ဓါကို စကြာမင်းရဲ့ ပတ္တမြားရတနာနဲ့ တူတယ်လို့ ကျမ်းဂန်များမှာ ဥပမာပေးကြပါတယ်။

http://www.dhammadownload.com

## အနိုင်းမဲ့အဖော်

ရွှံ့နွံအနယ်အနှစ်တွေ၊ ရေမှော်ရေညှိတွေနဲ့ မည်းညစ်နောက်ကျုနေတဲ့ရေထဲကို စကြာမင်းရဲ့ ပတ္တမြားရတနာ ထည့်လိုက်ရင် ရွှံ့နွံ အနယ်အနှစ်တွေ အောက်ကို ထိုင်ကျသွားပါတယ်။ ရေမှော်ရေညှိတွေ ကင်းပျောက်သွားပါတယ်။ နောက်ကျုနေတဲ့ရေဟာ ကြည်လင်ချင်တိုင်း ကြည်လင်သွားပါတယ်။

ဘယ်လောက် နောက်ကျုနေတဲ့ ရေကိုပဲဖြစ်ဖြစ် စကြာမင်းရဲ့ ပတ္တမြားရတနာက တစ်ခဏချင်း ကြည်လင်စေနိုင်သလို ဘယ်လောက် နောက်ကျုနေတဲ့ စိတ်ကိုပဲဖြစ်ဖြစ် သဒ္ဓါတရားက တစ်ခဏချင်း ကြည်လင်စေနိုင်ပါတယ်။ စိတ်အစဉ်မှာ သဒ္ဓါတရား ကိန်းဝပ်သွားပြီဆိုရင် စိတ်မည်း စိတ်ရိုင်းဆိုတဲ့ ကိလေသာ ရွှံ့နွံအနယ်အနှစ်တွေ အောက်ကို ထိုင်ကျသွားပါတယ်။ ကုသိုလ်စိတ်ရဲ့ အပိတ် အဆို့ စိတ်ပူစိတ်ညစ် ဆိုတဲ့ နီဝရဏရေမှော်ရေညှိတွေ ကင်းပျောက်သွားပါတယ်။ နောက်ကျုနေတဲ့စိတ်ဟာ ကြည်လင်ချင်တိုင်း ကြည်လင်သွားပါတယ်။

ကြည်သဒ္ဓါကလည်း သူ့ချည်းသက်သက် ရှင်သန်

http://www.dhammadownload.com



နေတာ မဟုတ်ဘဲ သတိ၊ သမာဓိ၊ ဝီရိယ အဖော်တွေနဲ့ ပူးပေါင်းရှင်သန်နေတာမို့ မိမိကြောင့် ကြည်သွားတဲ့စိတ်ကို မိမိရဲ့ အဖော်တွေနဲ့ တရင်းတနှီး မိတ်ဆက်ပေးလိုက်ပြန်ပါတယ်။ သဒ္ဓါကြောင့် စိတ်ကြည်သွားပြီဆိုရင် သတိက လုပ်သင့်တဲ့အလုပ်တွေကို အမှတ်ရ၊ သမာဓိက အလုပ်တွေကို အရည်အသွေးကောင်းအောင် ဂရုစိုက်၊ ဝီရိယက အလုပ်ပြီးဆုံးအောင် ကြိုးစားလိုက်တဲ့အတွက် စိတ်ဟာ အလုပ်ကောင်းအလုပ်မြတ် တော်တော်များများကို လုပ်ပြီးသား ဖြစ်သွားပါတယ်။

သဒ္ဓါဟာ မိတ်ဆွေကောင်း ပေါများတဲ့ မျက်နှာကြီးမျိုးဖြစ်တဲ့အတွက် ယုံသဒ္ဓါကို ပေါင်းရင် ပညာနဲ့လည်း ပေါင်းပြီးသားဖြစ်၊ ကြည်သဒ္ဓါကို ပေါင်းရင် သတိ၊ သမာဓိ၊ ဝီရိယနဲ့လည်း ပေါင်းပြီးသား ဖြစ်သွားတာမို့ သဒ္ဓါကို အဖော်ပြုနေတဲ့စိတ်မှာ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ဆိုတဲ့ 'ခေါင်းဆောင်သူတော်ကောင်းဓာတ်' တွေအားလုံး စုံညီသွားပါတယ်။

ခေါင်းဆောင်သူတော်ကောင်းဓာတ်တွေ စုံစုံညီညီ

http://www.dhammadownload.com

## အနှိုင်းမဲ့အဖော်

သက်ဝင်လှုပ်ရှားနေမှတော့ မေတ္တာ၊ ကရုဏာ၊ ပီတိ၊ ပဿဒ္ဓိ စတဲ့ နောက်လိုက် သူတော်ကောင်းဓာတ်တွေလည်း တစ်နွယ်ငင်တစ်စင်ပါ ပြည့်စုံယှဉ်တွဲ လာတော့တာပါပဲ။ သူတော်ကောင်းဓာတ်အားလုံးနဲ့ တရင်းတနှီးဖြစ်အောင် မိတ်ဆက်ပေးနိုင်စွမ်းရှိတဲ့အတွက် သဒ္ဓါတရားဟာ လူသားအားလုံး၊ သတ္တဝါအားလုံးရဲ့ အကောင်းဆုံးအဖော်၊ အနှိုင်းမဲ့အဖော် ဖြစ်ရပါတယ်။

သဒ္ဓါနဲ့သာ ဘော်ဒါဖြစ်ရင် ကျန်တဲ့ သူတော်ကောင်းတရား အားလုံး၊ ကုသိုလ်တရားအားလုံးနဲ့ ဘော်ဒါဖြစ်သွားတယ်လို့ ဆိုလိုပါတယ်။ သဒ္ဓါရှိမှ ဒါနလည်း ပြုဖြစ်၊ သီလလည်း စောင့်ဖြစ်၊ ဘာဝနာလည်း ပွားဖြစ်တာ မဟုတ်လား။ ကုသိုလ်တရားအားလုံးဟာ သဒ္ဓါတရားကြောင့်သာ ဖြစ်ပွားခွင့်ရတဲ့အတွက် သဒ္ဓါတရားဟာ သူတော်ကောင်းတိုင်းရဲ့ အဖော်ချုပ်မှူးကြီးပါပဲ။

စကြာမင်းရဲ့ ပတ္တမြားရတနာက ရေကိုသာ ကြည်လင်စေတာ မဟုတ်ပါဘူး။ ပတ်ဝန်းကျင်ကိုလည်း တောက်ပစေပါတယ်။ ညမှောင်မှောင်မည်းမည်းအချိန် တိုင်မြင့်မြင့်

http://www.dhammadownload.com



တစ်ခုပေါ် အဲဒီပတ္တမြား တင်ထားလိုက်ရင် ပတ်ဝန်းကျင် ဆယ်မိုင်ပတ်လည်လောက် နေထွက်နေသလို လင်းချင်း တောက်ပသွားပါတယ်။

သဒ္ဓါတရားဟာလည်း စိတ်ကို ကြည်လင်စေရုံ သာမက နှလုံးသားကိုလည်း တောက်ပစေပါတယ်။ သဒ္ဓါ တရားပိုင်ရှင်ရဲ့ နှလုံးသွေးတွေဟာ ရွှေဝါရောင်တောက်ပနေ တာမို့ သဒ္ဓါတရား ထင်ရှားနေတဲ့အခိုက် အဲဒီလူရဲ့ မျက်နှာ၊ ခန္ဓာတစ်ခုလုံး ဝင်းလက်နေပါတယ်။

စာရေးသူရဲ့ သွေးပေါင်ချိန်ဟာ အမြဲတမ်း အကျ ဘက်မှာ ရှိပါတယ်။ အများအားဖြင့် အပေါ်သွေး ၁၀၀၊ အောက်သွေး ၇၀ ဟာ ပုံမှန်ပါ။ ဝါတွင်းသုံးလတိုင်း သက် သတ်လွတ်စားတုန်းကဆို အပေါ်သွေး ၉၀၊ အောက်သွေး ၆၀ ပဲ ရှိပါတယ်။ ဒါပေမဲ့ လေးလတစ်ကြိမ် သွေးလှူတိုင်း သွေးလှူတဲ့နေ့မှာ သွေးပေါင်ချိန်လိုက်ရင်တော့ အမြဲတမ်း အပေါ်သွေး ၁၂၀၊ အောက်သွေး ၈၀ ပြည့်နေတာကို အံ့ဩ ဖွယ် တွေ့ရှိရတာမို့ ဒါဟာ သဒ္ဓါတရားရဲ့ တန်ခိုးသတ္တိပဲလို့ ယုံကြည်မိပါတယ်။

http://www.dhammadownload.com

## အနိုင်းမဲ့အဖော်

မြတ်စွာဘုရားရှင် လက်ထက်တုန်းက စိတ္တ သူကြွယ် ဆိုတဲ့ အနာဂါမ် ဒကာကြီးတစ်ဦး ရှိခဲ့ဖူးပါတယ်။ တရားဟောကောင်းလွန်းလို့ လူဝတ်ကြောင် ဓမ္မကထိကထဲမှာတော့ အထူးချွန်ဆုံး ဧတဒဂ်ဆုရှင်ပါပဲ။

တစ်နေ့ သူနေထိုင်ရာ မစ္ဆိကာသဏ္ဍမြို့ကနေ မြတ်စွာဘုရား သီတင်းသုံးရာ သာဝတ္ထိမြို့ကို ရဟန်းရှင်လူ ပရိသတ် သုံးထောင်နဲ့အတူ ဘုရားဖူးခရီး ထွက်လာခဲ့ပါတယ်။ ယူဇနာသုံးဆယ်ခရီးကို တစ်နေ့ တစ်ယူဇနာနှုန်းနဲ့ ဖြည်းဖြည်းမှန်မှန် ထွက်လာလိုက်တာ တစ်လပြည့်မှ မြတ်စွာဘုရားထံမှောက် ရောက်ပါတော့တယ်။

တစ်ယူဇနာအရောက် ခရီးတစ်ထောက်နားတဲ့ နေရာတိုင်းမှာ နတ်တွေက ယာယီတဲနန်းတွေ ဖန်ဆင်းပေးပြီး ပရိသတ်သုံးထောင်လုံးကို နတ်စားဖွယ်၊ နတ်သောက်ဖွယ်တွေနဲ့ လိုလေသေးမရှိ ပြုစုစည့်ခံကြပါတယ်။ လှည်းအစီး ငါးရာနဲ့ စားရေရိက္ခာ အပြည့်အစုံ တင်လာပေမယ့် လုံးဝ အသုံးမပြုလိုက်ရဘဲ . . . ဇေတဝန်ကျောင်းတော်ကို စထွက်ခါစက ပစ္စည်းတွေအတိုင်း ဆိုက်ရောက်သွားပါ

http://www.dhammadownload.com



တယ်။

ဇေတဝန်ကျောင်းတိုက်အတွင်းမှာ တစ်လလုံးလုံး နေထိုင်ပြီး ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို နေ့စဉ် အလှူကြီးပေးပြန်တော့လည်း နတ်တွေ၊ လူတွေ ပေးပို့တဲ့ လက်ဆောင်ပစ္စည်းတွေနဲ့ပဲ လှူနေရတဲ့အတွက် ပါလာတဲ့ ပစ္စည်းတွေကို တစ်ခုမှ အသုံးမပြုလိုက်ရပြန်ပါဘူး။

တစ်နှစ်လုံး ဆက်နေလည်း မူလပစ္စည်းတွေနဲ့ လှူခွင့်ရမှာ မဟုတ်တဲ့အတွက် လှည်းပေါ် ပါလာသမျှ ပစ္စည်းဝတ္ထုတွေကို ဇေတဝန်ကျောင်းမှာ ဒီအတိုင်းပဲ အကုန်လုံး လှူဒါန်းထားခဲ့ပြီး ခရီးပြန်လာခဲ့ကြပါတယ်။ 'သင့်ကံဟာ လှည်းအခွံချည်း ခရီးသွားရမယ့်ကံ မဟုတ်ဘူး' ဆိုပြီး နတ်တွေ၊ လူတွေက လှည်းအလွတ်ငါးရာပေါ် ရတနာခုနစ်ပါး အပြည့်တင်ပေးလိုက်လို့ သယ်ခဲ့ရပြန်ပါရော။

အပြန်ခရီးတစ်လျှောက်လုံးလည်း အသွားတုန်းက လို နတ်တွေ၊ လူတွေက လက်ဆောင်ပဏ္ဏာတွေ ပေးကြ၊ လိုလေသေးမရှိအောင် ပြုစုညှော်ခံကြနဲ့ မစ္ဆိကာသဏ္ဍမြို့ကို ချမ်းချမ်းသာသာ ပြန်ရောက်လာခဲ့ကြပါတယ်။

http://www.dhammadownload.com

## အနိုင်းမဲ့အဖော်

စိတ္တသူကြွယ်ရဲ့ ဘုရားဖူးခရီးနဲ့ ပတ်သက်လို့ အရှင်အာနန္ဒာက . . .

'မြတ်စွာဘုရား . . . ၊ စိတ္တသူကြွယ်ဟာ အရှင်ဘုရားဆီ လာရောက်လို့ အခုလို အပူဇော်ခံရတာလား၊ ဒါမှမဟုတ် ဘယ်အရပ် ဘယ်ဒေသကိုပဲ သွားသွား အပူဇော်ခံရတာလား ဘုရား'

လို့ မေးလျှောက်တဲ့အခါ မြတ်စွာဘုရားရှင်က ...

'ချစ်သား အာနန္ဒာ . . .၊ စိတ္တသူကြွယ်ဟာ ငါဘုရားဆီပဲ လာလာ၊ တခြား ဘယ်ဆီပဲ သွားသွား၊ အခုလို အပူဇော်ခံရတာပါပဲ။ ဘာလို့လဲဆိုတော့ သူက သဒ္ဓါတရား သိပ်ကောင်းတယ်လေ၊ ကံနဲ့ ကံရဲ့ အကျိုးကို လောကီသဒ္ဓါ၊ လောကုတ္တရာသဒ္ဓါ၊ သဒ္ဓါနှစ်မျိုးလုံးနဲ့ မတုန်မလှုပ် ယုံကြည်သလို ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးကိုလည်း လောကုတ္တရာသဒ္ဓါနဲ့ အလွန်အကဲ ကြည်ညိုတဲ့သူပါ၊ သူ့လို သဒ္ဓါတရား အားကောင်းတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်နေရာ၊ ဘယ်ဒေသကိုပဲ သွားသွား၊ ရောက်လေရာ နေရာဒေသတိုင်းမှာ လက်ဆောင်ပဏ္ဏာတွေ၊ လာဘ်သပ်ပကာတွေနဲ့

http://www.dhammadownload.com



အမြဲတမ်း အပူဇော်ခံရမှာ ဓမ္မတာပါပဲ'

လို့ မိန့်ကြားတော်မူပြီး တရားနာပရိသတ်ကို ဂါထာတစ်ပုဒ်နဲ့ . . .

'သဒ္ဓါတရားရှိသူ၊ ကိုယ်ကျင့်သီလရှိသူ၊ အခြံအရံ ပရိသတ်ရှိသူ၊ စည်းစိမ်ဥစ္စာရှိသူဟာ ဘယ်နေရာဘယ်ဒေသ ကိုပဲ သွားသွား၊ ရောက်လေရာ နေရာဒေသတိုင်းမှာ ကောင်း စွာ အပူဇော်ခံရပါတယ်၊ ကောင်းစွာ အချီးမြှောက်ခံရပါ တယ်'

လို့ ဟောကြားတော်မူလိုက်ပါတယ်။

'သဒ္ဓါ၊ သီလ၊ ယသ၊ ဘောဂ ရှိရင် ရောက်လေရာ မှာ အပူဇော်ခံရတယ်' လို့ အပူဇော်ခံ အရှိတရားကို လေးပါး ဟောထားပေမယ့် အဓိကရှိရမယ့် အရှိတရားကတော့ သဒ္ဓါ ပါပဲ။ သဒ္ဓါရှိရင် သီလလည်းရှိ၊ ယသလည်းရှိ၊ ဘောဂ လည်း ရှိပါတယ်။ သဒ္ဓါရှိလို့ ကိုယ့်ကျင့်တရား စောင့်ထိန်း၊ ကိုယ်ကျင့်တရား စောင့်ထိန်းလို့ သီလရှိ၊ သဒ္ဓါရှိလို့ မေတ္တာ တရား အားကောင်း၊ မေတ္တာတရား အားကောင်းလို့ ယသရှိ၊ သဒ္ဓါရှိလို့ အလှူဒါန ရက်ရော၊ အလှူဒါန ရက်ရောလို့

http://www.dhammadownload.com



ဘောဂရို၊ . . . အဲဒီလိုအားဖြင့် . . . သဒ္ဓါရှိရင် သီလ၊ ယသ၊ ဘောဂလည်း ရှိတော့တာပါပဲ။

ဒါ့ကြောင့် 'သဒ္ဓါတရားသာရှိရင် ဘယ်နေရာသွားသွား၊ အစစအရာရာ အဆင်ပြေတယ်' လို့ မြတ်စွာဘုရားရှင်ရဲ့ အဆုံးအမကို လိုရင်းမှတ်သားနိုင်ပါတယ်။

လူတိုင်းလူတိုင်းမှာ အဆင်မပြေမှု တစ်ခုခုတော့ အနည်းဆုံးရှိတတ်ကြပါတယ်။ တချို့က စားဝတ်နေရေးနဲ့ ပတ်သက်လို့ အဆင်မပြေသလို တချို့က ကျန်းမာရေးနဲ့ ပတ်သက်လို့ အဆင်မပြေပါဘူး။ တချို့က စိတ်ဓာတ်ရေးရာနဲ့ ပတ်သက်လို့ အဆင်မပြေသလို တချို့က အသိဉာဏ်ပညာနဲ့ ပတ်သက်လို့ အဆင်မပြေပါဘူး။

စားဝတ်နေရေးနဲ့ ပတ်သက်လို့ အစစအရာရာ အဆင်ပြေချင်ရင် ဒါနကောင်းမှုမှာ သဒ္ဓါတရားအားကောင်းရပါမယ်။ ကျန်းမာရေးနဲ့ ပတ်သက်လို့ အစစအရာရာ အဆင်ပြေချင်ရင် သီလကောင်းမှုမှာ သဒ္ဓါတရား အားကောင်းရပါမယ်။ စိတ်ဓာတ်ရေးရာမှာ အစစအရာရာအဆင်ပြေချင်ရင် သမထကောင်းမှုမှာ သဒ္ဓါတရား အားကောင်းရ

http://www.dhammadownload.com



ပါမယ်။ အသိဉာဏ်ပညာမှာ အစစအရာရာ အဆင်ပြေချင်ရင် ဝိပဿနာကောင်းမှုမှာ သဒ္ဓါတရား အားကောင်းရပါမယ်။

ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ၊ ကုသိုလ်ကောင်းမှုလေးမျိုးလုံးမှာ သဒ္ဓါတရား အားကောင်းရင် ပစ္စုပ္ပန်၊ သံသရာ ဘဝခရီးတစ်လျှောက်လုံး ဘယ်ဘက်ကမှ လိုလေသေးမရှိ အစစအရာရာ အဆင်ပြေနိုင်ပါတယ်။

လောကီကုသိုလ်စိတ်နဲ့ ယှဉ်တွဲတဲ့ လောကီသဒ္ဓါ၊ လောကုတ္တရာမဂ်ဖိုလ်စိတ်နဲ့ ယှဉ်တွဲတဲ့ လောကုတ္တရာသဒ္ဓါလို့ သဒ္ဓါနှစ်မျိုး ရှိပါတယ်။ လောကီသဒ္ဓါက လောကီချမ်းသာမှန်သမျှကို အပြည့်အစုံ အကုန်ရစေနိုင်သလို လောကုတ္တရာသဒ္ဓါက နိဗ္ဗာန်ချမ်းသာကို အပြည့်အဝ အပြီးရစေနိုင်ပါတယ်။

လောကီရေးရာမှာရော၊ လောကုတ္တရာရေးရာမှာပါ အစစအရာရာ အဆင်ပြေချင်ရင် သဒ္ဓါတရားကိုပဲ အဖော်ပြုပေါင်းသင်းကြရမှာပါ။ အပေါင်းအသင်း အုပ်စုတောင့်တဲ့ သဒ္ဓါတရားကို ပေါင်းလိုက်ရင် အဖော်ကောင်းအားလုံးကို

http://www.dhammadownload.com



ပေါင်းပြီးသား ဖြစ်သွားတာပဲ မဟုတ်လား။

တိဌာနသုတ္တန်မှာ မြတ်စွာဘုရားရှင်က . . .

'သဒ္ဓါတရားရှိတဲ့သူဟာ သီလရှိတဲ့ ရဟန်းတော်တွေကို ဖူးမြော်လိုစိတ်ရှိတယ်၊ သူတော်ကောင်းတရား အမြဲနာကြားချင်တယ်၊ စွန့်ကြဲပေးကမ်း လှူဒါန်းနေရတာကို မွေ့လျော်တယ်'

လို့ သဒ္ဓါတရားရှိသူရဲ့ အင်္ဂါလက္ခဏာကို သုံးချက် ပြထားပါတယ်။ ဘုန်းကြီးကျောင်းသွားဖို့လည်း စိတ်မဝင်စားဘူး၊ တရားနာရမှာလည်း သိပ်ပျင်းတယ်၊ နှမြောလိုက်တာလည်း လွန်ရော . . . ဆိုရင် 'ဩော် . . . ငါ့မှာ သဒ္ဓါတရား ခေါင်းပါးလှချည်လား' လို့သာ ဆုံးဖြတ်ချက်ချလိုက်ပါတော့။

သုဘူတိသုတ္တန်မှာတော့ မြတ်စွာဘုရားရှင်က ...

'သဒ္ဓါတရားရှိတဲ့သူဟာ ကိုယ်ကျင့်သီလ စောင့်ထိန်းတယ်၊ တရားဗဟုသုတ လိုက်စားတယ်၊ မိတ်ကောင်းဆွေကောင်းနဲ့ ပေါင်းသင်းတယ်၊ ပြောဆိုဆုံးမရ လွယ်ကူတယ်၊ အတူနေ၊ အတူကျင့်ပုဂ္ဂိုလ်တွေအပေါ် ကူညီတတ်

http://www.dhammadownload.com



တယ်၊ အဆင့်မြင့်တရားတွေကို လိုလားတယ်၊ ကုသိုလ်ကိစ္စ ဝီရိယကြီးမားတယ်၊ ဈာန်ရအောင် ကျင့်နိုင်တယ်၊ ပုဗ္ဗေနိဝါသအဘိညာဉ်နဲ့ အတိတ်ကို မြင်အောင် လုပ်နိုင်တယ်၊ ဒိဗ္ဗစက္ခုအဘိညာဉ်နဲ့ သတ္တဝါတွေရဲ့ စုတိ၊ ပဋိသန္ဓေကို သိအောင် ကြိုးစားနိုင်တယ်၊ အာသဝက္ခယအဘိညာဉ်နဲ့ ကိလေသာအာသဝေါတွေ ကုန်ခမ်းအောင် အားထုတ်နိုင်တယ်'

လို့ သဒ္ဓါတရားရှိသူရဲ့ အင်္ဂါလက္ခဏာကို ဆယ့်တစ်ချက် ပြထားပါတယ်။ ကိုယ့်မှာ ဘယ်အင်္ဂါ ပြည့်စုံနေပြီလဲ၊ ဘယ်အင်္ဂါ လိုအပ်နေသေးလဲ ဆိုတာ စစ်ဆေးပြီး ကိုယ့်ရဲ့ သဒ္ဓါတရားကို အမြင့်ဆုံးစံချိန်အထိ ရောက်အောင် မြှင့်တင်သွားဖို့ပါပဲ။ သဒ္ဓါတရား အကွက်စေ့၊ ထောင့်စေ့ဖို့၊ သဒ္ဓါတရား ဟာကွက်၊ လိုကွက်မရှိဖို့ အရေးကြီးပါတယ်။

'လောကမှာ သူတော်ကောင်းပုဂ္ဂိုလ်တွေ အများကြီး ရှိကြတယ်။ အဲဒီ သူတော်ကောင်းပုဂ္ဂိုလ်တွေက မေတ္တာပို့စရာရှိရင်လည်း သဒ္ဓါတရားရှိသူကိုပဲ အရင်ဆုံး ပို့ကြတယ်၊ ကြွရောက်စရာရှိရင်လည်း သဒ္ဓါတရားရှိသူဆီကိုပဲ

http://www.dhammadownload.com



အရင်ဆုံး ကြွရောက်ကြတယ်၊ အလှူခံစရာ ရှိရင်လည်း သဒ္ဓါတရားရှိသူဆီကပဲ အရင်ဆုံး အလှူခံကြတယ်၊ တရားဟောစရာရှိရင်လည်း သဒ္ဓါတရားရှိသူကိုပဲ အရင်ဆုံး ဟောကြတယ်၊ သဒ္ဓါတရားရှိသူဟာ သေလွန်ရင်လည်း လူ့ပြည် နတ်ပြည် ကောင်းရာသုဂတိကိုပဲ ရောက်နိုင်တယ်'

လို့ သဒ္ဓသုတ္တန်မှာ မြတ်စွာဘုရားရှင်က သဒ္ဓါတရားရှိသူရဲ့ အကျိုးရလဒ်ကို ငါးမျိုး ဟောကြားတော်မူထားပါတယ်။

ပညာရှိသူတော်ကောင်းတွေဟာ သဒ္ဓါတရားရှိတဲ့သူတွေကိုပဲ အဓိက ပဓာနထားပြီး ချီးမြှောက်ကြတာပါ။ မေတ္တာ၊ ကရုဏာအရ အားလုံးကို ချီးမြှောက်ချင်ပေမယ့် အချီးမြှောက်ခံမယ့်ပုဂ္ဂိုလ်က သဒ္ဓါတရား လုံးဝ မရှိရင်၊ ဒါမှမဟုတ် သဒ္ဓါတရား အားနည်းနေရင် ဘယ်လိုမှ ချီးမြှောက်လို့ မရပါဘူး။

လယ်သူမလေး မိပေါက် မကြာခင်မှာမြွေကိုက်ခံရပြီး သေတော့မယ်ဆိုတာ သိလို့ ကောင်းရာသုဂတိရောက်အောင် ချီးမြှောက်ချင်တဲ့ အရှင်မဟာကဿပ . . . မချီး

http://www.dhammadownload.com



မြှောက်ခင် 'မိပေါက်မှာ သဒ္ဓါတရား ရှိသလား၊ မရှိဘူးလား' ဆိုတာကို အရင်ဆုံး ဆင်ခြင်ကြည့်ရပါတယ်။ သဒ္ဓါတရား ခါတ်ခံရှိတယ်ဆိုတာ သေချာသိမှ လယ်တောကို ဆွမ်းခံကြွပြီး မိပေါက်လှူတဲ့ ပေါက်ပေါက်မုန့်တွေကို အလှူခံ ချီးမြှောက်တော်မူပါတယ်။

ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ အရှင်မြတ်အားလုံး ဘယ်သူ့ကိုပဲ ချီးမြှောက်ချင် ချီးမြှောက်ချင် သဒ္ဓါတရား ရှိ-မရှိ အရင်ဆုံး ကြည့်ရတာချည်းပါပဲ။ ပုထုဇဉ် ရဟန်းတော်တွေလည်း ဒကာဒကာမတွေကို ချီးမြှောက်ချင်တိုင်း ချီးမြှောက်လို့ မရပါဘူး။ သဒ္ဓါတရား အနု-အရင့်၊ အထူ-အပါးကို ကြည့်ပြီးတော့ပဲ ထိုက်တန်သလို ချီးမြှောက်ကြရတာပါ။

'တို့ဆရာတော် အဲဒီဒကာ၊ အဲဒီဒကာမနဲ့ တွေ့တာ ဘယ်လောက်မှ မကြာသေးပါဘူး၊ ဘာလို့များ ဒီလောက် တောင် ဦးစားပေးနေရတာလဲ မသိဘူး'

'တို့က ဆရာတော်နဲ့ ရင်းနှီးနေတာ ကြာလှပြီ၊ သူတို့က မနေ့တစ်နေ့ကမှ ရင်းနှီးတဲ့သူတွေ၊ ဆရာတော်က

http://www.dhammadownload.com



သူတို့ကို တို့ထက်တောင် အရေးပေးသေးတယ်'

'ဆရာတော်က အသစ်တွေ့ရင် အဟောင်းမေ့တတ်တယ်'

စသည်အားဖြင့် ဆရာတော်တစ်ပါးပါးရဲ့ ဒကာဒကာမတချို့ ပြောဆိုကြတာဟာ သဒ္ဓါတရားရဲ့ သဘောသဘာဝကို နားမလည်ကြလို့ပါ။

ပညာရှိသူတော်ကောင်းတွေရဲ့ တရင်းတနှီး ဦးစားပေး ချီးမြှောက်မှုကို ခံယူရဖို့ဆိုတာ တွေ့ဆုံမှု အချိန်တိုတောင်းတာ၊ မတိုတောင်းတာနဲ့ ဘာမျှ မပတ်သက်ပါဘူး၊ သဒ္ဓါတရား အားကောင်းတာ၊ အားမကောင်းတာနဲ့ပဲ ပတ်သက်ပါတယ်။ ပညာရှိသူတော်ကောင်းတွေရဲ့ အထူးချီးမြှောက်မှုကို ခံယူချင်ရင် ကိုယ့်ရင်ထဲက သဒ္ဓါတရားကို အားကောင်းသထက်ကောင်းအောင် ကြိုးစားမြှင့်တင်နေရုံပါပဲ။

ဒါ့ကြောင့်လည်း သဒ္ဓါတရားကို အကောင်းဆုံး အရင်းအနှီး၊ အနှိုင်းမဲ့ အရင်းအနှီးလို့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တာပါ။ လုပ်ချင်စိတ်နဲ့ လုပ်ရည်ကိုင်ရည် ဘယ်လောက်ပဲရှိရှိ၊ အရင်းအနှီးမရှိဘူး ဆိုရင် ဘာစီးပွားရေး

http://www.dhammadownload.com



မှ လုပ်လို့ မရသလို အခြေအနေနဲ့ အခွင့်အလမ်း ဘယ်လောက်ပဲ ကြုံကြုံ၊ သဒ္ဓါတရား မရှိဘူးဆိုရင် ဘာကုသိုလ်ကောင်းမှုမှ မပြုဖြစ်ပါဘူး။ ငွေအရင်းအနှီးရှိသူအတွက် အခြေအနေတိုင်းက ငွေဝင်ပေါက် ဖြစ်နေသလို သဒ္ဓါအရင်းအနှီး ရှိသူအတွက် အဖြစ်အပျက်တိုင်းက ကုသိုလ်ဝင်ပေါက် ဖြစ်နေပါတယ်။

သဒ္ဓါတရားသာ ရှိရင် အာရုံတိုင်းဟာ ကုသိုလ်အာရုံတွေချည်းပါ။ သဒ္ဓါတရားသာ ရှိရင် နေရာတိုင်းဟာ ကုသိုလ်နေရာတွေချည်းပါ။ သဒ္ဓါတရားသာ ရှိရင် အလုပ်တိုင်းဟာ ကုသိုလ်အလုပ်တွေချည်းပါ။ သဒ္ဓါတရားသာ ရှိရင် အချိန်တိုင်းဟာ ကုသိုလ်အချိန်တွေချည်းပါ။ ကုသိုလ်စီးပွားနဲ့ တရားရတနာဟာ သဒ္ဓါအရင်းအနှီးရှိသူတွေ အတွက်သာ သီးခြားဖြစ်ထွန်းနေတဲ့ သဘာဝအခွင့်အရေးတွေပါပဲ။

ဘာပစ္စည်း ကိုင်ချင် ကိုင်ချင် လက်ရှိမှ ကိုင်လို့ရသလို ဘာကုသိုလ် လုပ်ချင် လုပ်ချင် သဒ္ဓါရှိမှ လုပ်လို့ရတာမို့ သဒ္ဓါဟာ လက်နဲ့လည်း တူပါတယ်။ ဘာအသီး

http://www.dhammadownload.com



အပွင့် လိုချင် လိုချင် မျိုးစေ့ရှိမှ သစ်ပင်ကတစ်ဆင့် ရရှိနိုင်သလို ဘာကောင်းကျိုးချမ်းသာ လိုချင် လိုချင် သဒ္ဓါရှိမှ ကုသိုလ်ကတစ်ဆင့် ရရှိနိုင်တာမို့ သဒ္ဓါဟာ မျိုးစေ့နဲ့လည်း တူပါတယ်။

သဒ္ဓါနဲ့ ပညာ ညီမျှမှ စစ်မှန်တဲ့ သဒ္ဓါတရား ဖြစ်နိုင်ပါတယ်။ သဒ္ဓါလွန်ကဲပြီး ပညာအားနည်းနေရင် မယုံသင့်တာတွေ ယုံပြီး မကိုးကွယ်သင့်တာတွေ ကိုးကွယ်မိတတ်ပါတယ်။ ထေရဝါဒဗုဒ္ဓဘာသာဝင် အမည်ခံပြီး ထေရဝါဒနဲ့ မပတ်သက်တာတွေ ကိုးကွယ်နေတာဟာ သဒ္ဓါနောက် ပညာမလိုက်နိုင်လို့ပါ။

အပေါ်ယံ ယုံကြည်တဲ့ ပသာဒသဒ္ဓါ၊ ဉာဏ်ယှဉ်ပြီး သက်ဝင်ယုံကြည်တဲ့ ဩကပ္ပနသဒ္ဓါ၊ အရိယာဖြစ်ပြီး ယုံကြည်တဲ့ အဓိဂမသဒ္ဓါ၊ ဘုရားအလောင်းတော်ဘဝနဲ့ တောက်လျှောက်ယုံကြည်တဲ့ အာဂမနိယ သဒ္ဓါလို့ သဒ္ဓါ လေးမျိုး ရှိပါတယ်။

သဒ္ဓါတရား မရှိသူကို ရှောင်ကြဉ်ခြင်း၊ သဒ္ဓါတရားရှိသူကို ပေါင်းသင်းခြင်း၊ သဒ္ဓါတရားဖြစ်ဖွယ် တရား

http://www.dhammadownload.com



တော်တွေကို နှလုံးသွင်း ဆင်ခြင်ခြင်းဖြင့် ကိုယ့်ရဲ့ သဒ္ဓါတရားကို တိုးပွားလာအောင် ပြုလုပ်နိုင်ပါတယ်။ တရားနာခြင်းကြောင့် သဒ္ဓါတက်လာနိုင်သလို တရားအားထုတ်ခြင်းကြောင့် သဒ္ဓါထက်လာနိုင်ပါတယ်။ တက်သဒ္ဓါ၊ ထက်သဒ္ဓါဟာ ကိုယ့်ဘဝရဲ့ အကောင်းဆုံးအဖော်ပါပဲ။

တစ်လောကလုံးရဲ့ အနိူင်းမဲ့ကျေးဇူးရှင်ဖြစ်တဲ့ မြတ်စွာဘုရားရှင်က သဒ္ဓါတရားဟာ အနိူင်းမဲ့အဖော်ဖြစ်တယ်လို့ 'သဒ္ဓါဒုတိယာ ပုရိသဿ ဟောတိ'၊ 'သဒ္ဓီဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ' ဆိုတဲ့ စကားတော်တွေနဲ့ ဟောကြားညွှန်ပြထားတာမို့ လူသားတိုင်း လူသားတိုင်း သဒ္ဓါတရားဆိုတဲ့ အနိူင်းမဲ့အဖော်နဲ့ ထာဝရလက်တွဲ မခွဲမခွာ ပေါင်းသင်းသွားနိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ် ...။

အပ္ပမာဒေန သမ္ပာဒေထ။
**အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)**

http://www.dhammadownload.com

# သူ့ကိုခတဲ့သုခ

ရန်ကုန်မှာ ဆောင်းခိုရင်း ခေတ္တ သီတင်းသုံးခိုက် ခြောက်ထပ်ကွမ်း အကယ်ဒမီဆုရှင်၊ စာပေပါရဂူ (ဒေါက်တာ)ဘွဲ့ရ၊ အလင်္ကာကျော်စွာ ဒကာကြီး ' ဦးသုခ' က သူ့ရဲ့ အသက်(၉၄)နှစ်ပြည့် မွေးနေ့မှာ စာရေးသူကို လာရောက်ဖူးမြော်လိုကြောင်း နေ့စဉ်နေ့တိုင်း ဆွမ်းလာပို့နေတဲ့ 'အောင်သုခ' ထမင်းဆိုင်ကတဆင့် လျှောက်ထားလာပါတယ်။

ပုံမှန်အားဖြင့် ဧည့်တွေ့ချိန်ကို မွန်းတည့်(၁၂)နာရီကနေ (၁)နာရီထိ သတ်မှတ်ထားပေမယ့် ဒကာကြီး ဦးသုခကိုတော့ အများဧည့်သည်နဲ့ တစ်ချိန်တည်းတွေ့ဆုံဖို့ မသင့်

http://www.dhammadownload.com



တော်တဲ့အတွက် နံနက်(၉)နာရီတိတိကို သီးခြားချိန်းဆို လိုက်ပါတယ်။

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ(၂၆) ရက်၊ နံနက်(၉) နာရီ။

'ဘဘ ခါးအရမ်းနာပြီး နန်းနေလို့ ဘယ်လိုမှ လာလို့ မဖြစ်တော့ပါဘုရား၊ တကယ်လို့ ဘုန်းဘုန်းကြွနိုင်မယ်ဆိုရင် ဘဘအိမ်ကို ကြွပေးစေချင်ပါတယ်၊ ဘဘကတော့ ဘုန်းဘုန်းကို အိမ်ကြွပေးဖို့ အတင်းမတိုက်တွန်းပါနဲ့၊ ဘုန်းဘုန်းဆန္ဒအတိုင်း ဆုံးဖြတ်ပါစေလို့ ပြောပါတယ်ဘုရား'

'ဦးသုခ' ရဲ့ ကိုယ်စား 'အောင်သုခ' ဆီက ဖုန်းဝင်လာတဲ့အတွက် စာရေးသူလည်း အဆင်သင့်ရောက်နေတဲ့ ဒကာရင်းတစ်ဦး (ဦးမွှေးမြင့်)ရဲ့ ကားနဲ့ ပါရမီလမ်းမှာရှိတဲ့ 'သုခရိပ်ငြိမ်' ကို ချီတက်ခဲ့ပါတော့တယ်။

'အေးအေးရေ . . .၊ ဘဘထိုင်ခုံကို ဆရာတော့် နား အနီးဆုံးဖြစ်အောင် ကပ်ထားပါကွယ်၊ ဒါမှ စကားပြောရတာ အားရမှာ၊ နားကလည်း သိပ်မကောင်းတော့ ကပ်ပြောမှ ကောင်းကောင်းကြားရမှာ၊ ဆရာတော်ဘုရား . . .၊

http://www.dhammadownload.com



တပည့်တော် အောက်ချထိုင်မရလို့ ထိုင်ခုံနဲ့ ထိုင်ရတာကို ခွင့်ပြုတော်မူပါဘုရား'

'ရပါတယ် ဒကာကြီး၊ ခွင့်ပြုပါတယ်'

စာရေးသူရဲ့ ညာယွန်းယွန်းရှေ့နားမှာ ထိုင်ခုံငယ်လေးနဲ့ အသားချင်းထိမတတ် ကပ်ထိုင်ပြီး ပြောချင်နေတဲ့ စကားတွေ အားရပါးရ ပြောပါတော့တယ်။

စာရေးသူက ဇန်နဝါရီ(၉)ရက်နေ့ကမှ (၃၆)နှစ် ပြည့်ခဲ့သူ၊ ဒကာကြီး ဦးသုခက အဲဒီနေ့ ဇန်နဝါရီ(၂၈)မှာ (၉၄)နှစ် ပြည့်တဲ့သူ၊ 'ဆရာတော်''ဆရာတော်' နဲ့ တလေးတစား လျှောက်ထားနေပေမယ့် မြေးအဘိုးနှစ်ယောက် နွေးနွေးထွေးထွေး စကားစမြည် ပြောဆိုနေကြသလိုပါပဲ။

'ဆရာတော့်ကို ပြောစရာစကားတွေ အများကြီးရှိပါတယ် ဘုရား၊ ဆရာတော့်ကို သာသနာ့အတွက် တပည့်တော် သိပ်အားကိုးလွန်းလို့ပါ'

ဆိုတဲ့ စကားကို မကြာခဏကြားညှပ်ပြီး စကားတွေ တဝကြီးပြောနေလို့ 'ဒကာကြီး မောနေပါဦးမယ်' လို့ အားနာစွာ တားယူရပါတယ်။

http://www.dhammadownload.com

## အရှင်ဆန္ဒာဓိက

'ဧည်သည်လည်းပြန်၊ ပက်လက်လန်'ဆိုတဲ့ ဒကာကြီး ဦးသုခရဲ့ သက်ကြီးသဘာဝ နွမ်းလျလွယ်မှုကို ကြားဖူးထားတာက တစ်ကြောင်း၊ ဆယ့်တစ်နာရီခွဲလုလု နေ့ဆွမ်းစားချိန် နီးကပ်လာတာက တစ်ကြောင်းကြောင့် စကားကို အလိုက်သင့်ဖြတ်ပြီး ဒကာကြီးဦးသုခ လှူဒါန်းတဲ့ ကိုယ်တိုင်ရေး ဓမ္မစာအုပ်များအပါအဝင် လှူဖွယ်ဝတ္ထုတွေကို အကပ်ခံလိုက်ရပါတယ်။

စာရေးသူရဲ့ ထွက်ရှိပြီးသမျှ ဓမ္မစာအုပ်များကို ဒကာကြီးဦးသုခရဲ့ လက်ထဲ ကိုယ်ထိလက်ရောက် ပြန်လည်လှူဒါန်းပြီးတဲ့နောက်မှာတော့ . . .

'ဒကာကြီး . . .၊ ဒကာကြီးကို ဦးဇင်း တစ်ခုပြောချင်လို့၊ ကြားပါတယ်နော်"

'ကြားပါတယ်ဘုရား'

'ဦးဇင်း ကိုးတန်းကျောင်းသားဘဝတုန်းက ဒကာကြီးရေးတဲ့ ' ရာမာခရစ်ရှနာ၏သုတ္တန်ပုံပြင်များ' စာအုပ်ဖတ်ရတယ်၊ သင်္ကန်း အပြီးဝတ်ဖို့ ဆုံးဖြတ်ပြီးချိန်မှာပေါ့၊ အဲ့ဒီစာအုပ်ထဲမှာပါတဲ့ စကားရပ်တစ်ခုက ဦးဇင်းရဲ့ ဆုံး

http://www.dhammadownload.com



ဖြတ်ချက်ကို ပိုပြီးခိုင်မာစေခဲ့တယ်'

'ရဟန်းပြုတယ်၊ တရားအားထုတ်တယ်ဆိုတာ ငယ်ရွယ်နုပျိုတုန်း အကောင်းဆုံးပဲ – ဆိုတဲ့ စကားရပ်ကလေးပါ၊ အဲဒီ စကားရပ်ကလေးက ဦးဇင်းကို သာသနာ့ဘောင် မြန်မြန်ဝင်ဖို့ အရှိန်ပြင်းတဲ့ တွန်းအားတစ်ခု ဖြစ်စေခဲ့တယ်၊ တခြားတွန်းအားတွေလည်း အများကြီးတော့ ပါတာပေါ့နော်'

'အဲဒီ စာအုပ်ထဲမှာ ရာမာခရစ်ရှနာက 'ငယ်တုန်း တရား အားထုတ်တာ အကောင်းဆုံး' ဆိုတဲ့ အချက်ကို ဥပမာသုံးမျိုးနဲ့ ရှင်းပြထားတယ်လေ၊ ကြက်တူရွေးကို အသက်ကြီးလို့ လျှာထူမှ စကားပြောသင်ရင် ဘယ်လိုမှ မတတ်နိုင်တော့အတွက် အသက်ငယ်တုန်း လျှာပါးစဉ် သင်သင့်တယ်'

'နို့ချဉ်တွေကို နေထွက်ပြီးမှ ကျိုချက်ရင် ထောပတ်ကောင်း မဖြစ်နိုင်တော့တဲ့အတွက် မိုးမလင်းခင် ပြုပြင် ကျိုချက်သင့်တယ်၊ သရက်သီးမှည့်တွေဟာ ငှက်တွေထိုးသုတ်ပြီးမှဆိုရင် ကိုယ်စားလို့လည်း မဖြစ်၊ သူများလှူလို့လည်း

http://www.dhammadownload.com



မဖြစ်နိုင်တော့တဲ့အတွက် ငှက်တွေ မထိုးသုတ်သေးခင် အလျင်အမြန် ရူးပြီး ကိုယ်တိုင်လည်းစား၊ ဘုရားစတဲ့ သူတော်စင်တွေကိုလည်း ကပ်လှူသင့်တယ်'

'အဲဒီ ဥပမာတွေလိုပဲ . . . လူဟာလည်း အသက်ကြီးမှဆိုရင် စိတ်နေစိတ်ထားတွေက မဖြူစင်၊ အနှစ်မဲ့တဲ့ လောကီအာရုံအမျိုးမျိုးက အရိပ်ထင်၊ ကိုယ်အား၊ ဉာဏ်အားတွေက စိတ်သွားတိုင်းမပါချင်တော့တဲ့အတွက် ကုသိုလ်အလုပ်၊ တရားအလုပ်တွေကို ပြည့်ပြည့်ဝဝ အားမထုတ်နိုင်တော့ဘူး၊ ဒါကြောင့် ငယ်တုန်းရွယ်တုန်း၊ သန်တုန်း မြန်တုန်း၊ စိတ်နေစိတ်ထား ဖြူစင်သန့်ရှင်းတုန်း၊ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်တုန်း လူငယ်ဘဝဟာ ရဟန်းပြုဖို့ရော၊ ကုသိုလ်အလုပ်၊ တရားအလုပ် အားထုတ်ဖို့ရော အကောင်းဆုံးပဲ – လို့ ရာမာခရစ်ရှနာက ဆိုထားတယ် မဟုတ်လား'

'ဟုတ်ပါတယ်ဘုရား၊ အဲဒီအခန်းကဏ္ဍထဲမှာ အရှင်မဟာရဋ္ဌသာရရဲ့ စတုဓမ္မသာရပျို့ ကောက်နုတ်ချက်ကလေးပါ တပည့်တော် ထည့်ရေးခဲ့ပါသေးတယ်၊ အခုထိ

http://www.dhammadownload.com



အလွတ်ရနေပါသေးတယ်'

'ယစ်မူးစည်းစိမ်၊ မှေးတိမ်ကုသိုလ်၊ ဝန်တိုဆိုပိတ်၊ ရမ္မက်စိတ်ဖြင့်၊ ညှစ်ကြိတ်ယန္တရား၊ ကြံဖတ်လားသို့၊ မြေး သားမြစ်စည်၊ ပျော်တာရှည်၍၊ ချစ်ရည်ခန်းခြောက်၊ အိုမင်း ရောက်မှ၊ စွန့်မြောက်လူဘော်၊ တောထွက်သော်လည်း၊ မလျော်လည်းကောင်း၊ ဇရာထောင်းသော်၊ ပျောင်းပျောင်း ညှံ့ညှံ့၊ ငါဆော်အံ့ဟု၊ မခံ့လုံ့လ၊ ထကြွပျင်းထိုင်း၊ လိုတိုင်း မပါ၊ ပညာပေတုံး၊ နှလုံးလည်းငြီး၊ နှုတ်သီးလှုပ်ဆန်း၊ စီး ဖြန်းဘာဝနာ၊ များစွာမပြန့်၊ မိုတ်တုံ့ကြန့်ခဲ့၊ တောင်ညွန့် ကုန်းတက်၊ ကမ်းရိုးသက်ဝယ်၊ အနှက်ပြည့်ဖြိုး၊ ရေပြည့်အိုး ကို၊ ကြိုးကြိုးပမ်းပမ်း၊ မဖိတ်ထမ်းသည်၊ လူစွမ်းသဖွယ်၊ ပျိုနုနယ်က၊ စင်ကြယ်သိမ်မွေ့၊ ရသေ့ရဟန်း၊ ဖြစ်ထွန်းလေ ငြား၊ ထိုသူအားကို၊ ဘုရားကစ၊ ပဏ္ဍိတတို့၊ လွန်လှကြည် ညို၊ ချီးမွမ်းဆို၏'

'သာဓု... သာဓု ... သာဓု၊ ဒကာကြီးရဲ့ မှတ်ဉာဏ် ကတော့ အံ့မခန်းပါပဲ၊ အသက်(၉၄)နှစ်ရှိတာတောင် ဒီပျို့ တွေ မမေ့သေးဘူးနော်၊ အလွတ်ရနေတုန်းပဲ'

http://www.dhammadownload.com

## အရှင်ဆန္ဒာဓိက

'ဒကာကြီးရေးတဲ့ 'ရာမာခရစ်ရှနာ၏ သုတ္တန်ပုံပြင်များ' စာအုပ်ထဲက 'ရဟန်းခံ–လူသန်လိုဘိတောင်း' ဆိုတဲ့ အခန်းကဏ္ဍဟာ ဦးဇင်းကို သာသနာ့ဘောင် မြန်မြန်ဝင်ဖြစ်ဖို့ တွန်းအားကြီးတစ်ခု ဖြစ်ခဲ့တဲ့အတွက် ဦးဇင်းအပေါ်မှာ ဒကာကြီးရဲ့ 'စာပေကျေးဇူး' ရှိပါတယ်၊ အဲဒီစာပေကျေးဇူးကို တုံ့ပြန်ဆပ်တဲ့အနေနဲ့ ဒကာကြီး လှူချင်တာ လှူဖို့ နဝကမ္မ ကျပ်တစ်သိန်း ဦးဇင်းလှူပါရစေ'

စာရေးသူရဲ့ စကားအဆုံးမှာတော့ ဒကာကြီး ဦးသုခ ပါးစပ်အဟောင်းသားဖြစ်သွားပြီး မျက်နှာပြင်တစ်ခုလုံးမှာ အံ့သြတဲ့အရိပ်အယောင်တွေ လွှမ်းခြုံသွားပါတော့တယ်။ မျက်ခုံးကိုပင့်၊ မျက်လုံးကို ထပ်ချဲ့ရင်း စာရေးသူရဲ့ ရင်ဘတ်နေရာကို အံ့သြတကြီး စူးစိုက်ကြည့်နေတာနဲ့......

'ဦးဇင်းလှူတာကို လက်ခံပါဒကာကြီး၊ ဘုန်းကြီးလှူတာ ဆိုပြီးတော့ ယူရမှာ တွန့်မနေပါနဲ့၊ ဒကာကြီးကို လှူတယ်ဆိုပေမယ့် တကယ်တော့ တရားကို ပူဇော်တာပါ၊ 'ရဟန်းပြုတယ်၊ တရားအားထုတ်တယ်ဆိုတာ ငယ်ရွယ်နုပျိုတုန်း အကောင်းဆုံးပဲ' ဆိုတဲ့ တရားစကားကို ပူဇော်တာပါ၊

http://www.dhammadownload.com



ဓမ္မပူဇာပါ ဒကာကြီး'

စာရေးသူရဲ့ ကိုယ်စား ခမည်းတော် (ဦးစိန်ဝင်း)နဲ့ မယ်တော် (ဒေါ်သိန်းသိန်း)က ကပ္ပိယအဖြစ်နဲ့ ငွေကျပ် တစ်သိန်းကို ဒကာကြီး ဦးသုခရဲ့ လက်ထဲ လွှဲအပ်လှူဒါန်း လိုက်တဲ့အခါမှာတော့ ညီတော်မောင် (ကိုညီပုဝင်း)၊ ရဟန်း ဒါယိကာမ ဒေါ်ခင်စောတင့်၊ ဒကာလေးကိုသားကြီးနဲ့တကွ ရောက်ရှိနေကြတဲ့ ပရိသတ်အားလုံးက လှိုက်လှဲဝမ်းမြောက် စွာ သာဓုသုံးကြိမ် ခေါ်ဆိုလိုက်ကြပါတော့တယ်။

ဒကာကြီး ဦးသုခက ငွေကျပ်တစ်သိန်း ထည့်ထား တဲ့ စာအိတ်ဖြူဖြူလေးကို လက်နှစ်ဖက်နဲ့ တရိုတသေကိုင်၊ ဦးထိပ်မှာ ကပ်ပြီး . . .

'တပည့်တော် သိပ်ကို ကျေနပ်သွားပြီဘုရား၊ သိပ် ကို ကျေနပ်သွားပြီ၊ ငွေတစ်သိန်းရလို့ ကျေနပ်တာမဟုတ်ပါ ဘုရား၊ ဆရာတော် သိတတ်တာကို ကျေနပ်တာပါ၊ လော ကမှာ တတ်သိတဲ့လူ များပါတယ်၊ သိတတ်တဲ့လူ ရှားပါ တယ်ဘုရား၊ ဆရာတော်က ရှားတဲ့အထဲမှာ တစ်ဦးအပါ အဝင်ပါ'

http://www.dhammadownload.com

## အရှင်ဆန္ဒာဓိက

'တပည့်တော် ငယ်ရွယ်စဉ် ဒုလ္လဘရဟန်းပြုတုန်းက တပည့်တော်ကိုယ်တိုင် ခြေသလုံးအားနဲ့ ဆွမ်းခံလို့ရတဲ့ ဆွမ်းကို သပိတ်လိုက် အမေ့ကို လှူခဲ့ဖူးပါတယ်၊ အဲဒီတုန်းက အမေက ဘာပြောသလဲဆိုရင် 'သားပဉ္စင်းလှူတဲ့ သပိတ်ကို အမေ့ပခုံးမှာ ထမ်းပြီး 'ဟောဒီသပိတ်ဟာ ကျွန်မသားဦးပဉ္စင်းက ကျွန်မကို မွေးကျေးဇူးဆပ်တဲ့ သပိတ်ပါ' လို့ တစ်မြို့လုံး လှည့်ပြီး ကြွေးကြော်လိုက်ချင်တယ်' တဲ့။

'အခုလည်း တပည့်တော် ဆရာတော်လှူတဲ့ ငွေတစ်သိန်းကို ခေါင်းပေါ်ရွက်ပြီး 'ဟောဒီပိုက်ဆံဟာ ရွှေပါရမီဆရာတော်က ကျွန်တော့်ကို စာပေကျေးဇူးဆပ်တဲ့ ပိုက်ဆံပါ' လို့ တစ်မြို့လုံးတောင် မကပါဘုရား၊ တစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံးလှည့်ပြီး ကြွေးကြော်လိုက်ချင်ပါတယ်'

'ဒါပေမယ့် တပည့်တော် အခု မစွမ်းနိုင်တော့ပါဘုရား၊ အိုမင်းမစွမ်းဖြစ်နေပါပြီ၊ ဒီအကြောင်းကို ကိုယ်တိုင်စာရေးချင်ပေမယ့် တပည့်တော်ရေးလို့မဖြစ်တော့ပါဘုရား၊ ဒါကြောင့် ဒီအကြောင်းကို ဆရာတော်ကိုယ်တိုင် တိုင်းပြည်သိအောင် ဆောင်းပါးရေးတော်မူပါဘုရား'

http://www.dhammadownload.com

## သူ့ကိုခတဲ့သုခ

'ဦးဇင်းကိုယ်တိုင် ရေးရင် ကိုယ့်ဂုဏ်ကိုယ်ဖော်တယ် လို့ ပြောကုန်ကြမှာပေါ့ ဒကာကြီးရယ်'

'တပည့်တော် မစွမ်းနိုင်တော့လို့ပါဘုရား၊ ဘယ်သူကဲ့ရဲ့ကဲ့ရဲ့ ပညာရှိသူတော်ကောင်းတွေ မကဲ့ရဲ့ဖို့ပဲ အရေးကြီးပါတယ် "

'ဒါဖြင့်လည်း ရေးဖို့ကြိုးစားကြည့်ပါဦးမယ်'

'တပည့်တော် အရှင်ဘုရားဟောတဲ့ တရားတွေလည်း အများကြီး နာချင်ပါသေးတယ်ဘုရား'

'ဒကာကြီးရဲ့မွေးနေ့မှာ မွေးနေ့လက်ဆောင်အဖြစ်နဲ့ အမှတ်တရစကားတစ်ခုတော့ ပြောခဲ့မယ်လေ'

'မှန်ပါ၊ နာပါရစေဘုရား'

'ဒကာကြီးရဲ့ နာမည်က 'သုခ'၊ 'သုခ' ဆိုတာ 'ချမ်းသာခြင်း' ဆိုတဲ့ အဓိပ္ပာယ်ကို လူတိုင်းသိပါတယ်၊ လူတိုင်းသိတဲ့အဓိပ္ပာယ်နဲ့ ပတ်သက်ပြီး ဘာမှမပြောလိုတော့ပါဘူး၊ သုခဆိုတဲ့ပါဠိကို အဓိပ္ပာယ် မဖွင့်ဘဲနဲ့ သုခဆိုတဲ့ အသံထွက်အတိုင်းပဲ အဓိပ္ပာယ်ပြောပါမယ်'

'သုခ (သူ့ခ)တဲ့၊ ဘယ် 'သူ့' ကို 'ခ' မှာလဲ၊ ဇနီး

http://www.dhammadownload.com



မယား သမီးသားဆိုတဲ့ 'သူ'ကို 'ခ' မှာလား၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့၊ ငါးဖြာအာရုံ ကာမ ဂုဏ်ဆိုတဲ့ 'သူ' ကို 'ခ' မှာလား၊ ရုပ်နာမ်နှစ်ပါးဆိုတဲ့ 'သူ' ကို 'ခ' မှာလား၊ သံသရာဝဋ်ဆင်းရဲဆိုတဲ့ 'သူ' ကို 'ခ' မှာလား'

'စိတ်ဆိုတာ အာရုံနဲ့ကင်းပြီး မဖြစ်နိုင်ဘူး၊ အာရုံ တစ်ခုခုနဲ့ တွေ့လို့ စိတ်မှာလောဘဖြစ်နေရင်၊ ဒေါသဖြစ်နေ ရင်၊ မာန၊ ဣဿာ၊ မစ္ဆရိယ စတဲ့ ကိလေသာတစ်ခုခု ဖြစ်နေ ရင် ကိုယ့်စိတ်ဟာ အာရုံတည်း ဟူသော 'သူ'ကို မကောင်း သောနည်း၊ ယုတ်ညံ့သောနည်းနဲ့ 'ခ'နေ တာပဲ'

'ဘယ်အာရုံနဲ့ပဲတွေ့တွေ့၊ စိတ်မှာ သဒ္ဓါဖြစ်မယ်၊ သတိဉာဏ်ဖြစ်မယ်၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ စတဲ့ သူ တော်ကောင်းတရားတွေ တစ်ခုခုဖြစ်မယ်ဆိုရင် ကိုယ့်စိတ် ဟာ အာရုံတည်းဟူသော 'သူ' ကို ကောင်းသောနည်း၊ မြင့်မြတ်သောနည်းနဲ့ 'ခ' နေတာပဲ'

'ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးနဲ့ တွေ့ကြုံခွင့်ရ တဲ့အခိုက် ဘယ်အာရုံနဲ့ပဲတွေ့တွေ့၊ တွေ့သမျှအာရုံတည်း

http://www.dhammadownload.com



'လိုရင်းကတော့ အာရုံဆိုး၊ အာရုံယုတ်၊ အလုပ်ဆိုး၊ အလုပ်ယုတ် ဆိုတဲ့ 'သူ့'ကို ဘယ်တော့မှ မ'ခ'ပါနဲ့၊ အာရုံကောင်း၊ အာရုံမြတ်၊ အလုပ်ကောင်း၊ အလုပ်မြတ် ဆိုတဲ့ 'သူ့'ကိုပဲ 'ခ'ပါ၊ ဒါဆိုရင် ကောင်းသော 'သူ့'ကို 'ခ'တဲ့ 'သူ့ခ(သုခ)' ဖြစ်သွားပြီပေါ့'

'အကျယ်ပြောမယ်ဆိုရင် ဘယ်ကုန်နိုင်ပါ့မလဲ ဒကာကြီးရယ်၊ ဒကာကြီးက ဉာဏ်ကြီးတဲ့သူဆိုတော့ ကိုယ့်ဘာသာကိုယ်ပဲ ချဲ့ထွင်လိုက်တော့ပေါ့နော်၊ ကောင်းသော 'သူ့'၊ မြင့်မြတ်သော 'သူ့'၊ ဖြူစင်သန့်ရှင်းအပြစ်ကင်းသော 'သူ့'ကို 'ခ'တဲ့ 'သူ့ခအစစ်(သုခအစစ်)' ဖြစ်ပါစေလို့ ဦးဇင်းဆုမွန်ကောင်းတောင်းလိုက်ပါတယ် ဒကာကြီး'

'သာဓု ... သာဓု ... သာဓုပါဘုရား၊ သုခကို အခုလို အဓိပ္ပာယ်ဖွင့်တာ တစ်ခါမှ မကြားဖူးသေးပါဘုရား၊ ဆရာတော်ရဲ့ အဆုံးအမကို တပည့်တော် အသက်ထက်ဆုံး ဦးထိပ်ရွက် လိုက်နာသွားပါ့မယ်ဘုရား'

အဲဒီနေ့က ကျောင်းပြန်လမ်း တစ်လျှောက်လုံး 'တတ်သိတဲ့လူ များတယ်၊ သိတတ်တဲ့လူ ရှားတယ်' ဆိုတဲ့

http://www.dhammadownload.com



ဟူသော 'သူ့' ကို မကောင်းတဲ့စိတ်, မကောင်းတဲ့အလုပ်၊ ယုတ်ညံ့တဲ့စိတ်, ယုတ်ညံ့တဲ့ အလုပ်တွေနဲ့ မ'ခ'ပါနဲ့တော့၊ တွေ့သမျှအာရုံတည်းဟူသော 'သူ့'ကို ကောင်းတဲ့စိတ်, ကောင်းတဲ့အလုပ်၊ မြင့်မြတ်တဲ့စိတ်, မြင့်မြတ်တဲ့အလုပ်တွေနဲ့ပဲ အားရပါးရ 'ခ' လိုက်စမ်းပါ'

'ဘာကုသိုလ်ကောင်းမှုပဲပြုပြု၊ လူချမ်းသာ, နတ်ချမ်းသာ ဆိုတဲ့ 'သူ့' ကို မ'ခ'လိုက်ပါနဲ့၊ နိဗ္ဗာန်ဆိုတဲ့'သူ့'၊ မိမိအလိုရှိရာ ဗောဓိဉာဏ်ဆိုတဲ့ 'သူ့'ကိုပဲ 'ခ' လိုက်ပါ'

'မသေခင်အသက်ရှင်နေစဉ် ကာလလေးမှာလည်း အချိန်တိုင်း၊ အချိန်တိုင်း ကိလေသာအာရုံ၊ အကုသိုလ်အာရုံဆိုတဲ့ 'သူ့'ကို မ'ခ'ပါနဲ့၊ တရားအာရုံ၊ ကုသိုလ်အာရုံဆိုတဲ့ 'သူ့'ကိုပဲ 'ခ'ပါ"

'ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း စတဲ့ လောကဓံအာရုံ 'သူ့' ကိုလည်း စိတ်တက်ခြင်း၊ စိတ်ပျက်ခြင်းအားဖြင့် မ'ခ'ပါနဲ့၊ လောကဓံဟာ လောကဓံပဲ၊ လောကရဲ့ ဖြစ်ရိုးဖြစ်စဉ် သဘာဝပဲလို့ အသိဉာဏ်နဲ့ နှလုံးသွင်းပြီး တည်တည်ငြိမ်ငြိမ်ကျေနပ်ရရ 'ခ'လိုက်ပါ "

http://www.dhammadownload.com

# ရွှေပါရမီလက်ကမ်းစာစဉ်

ဤစာအုပ်နှင့် ဤစာအုပ်ကဲ့သို့သော

လက်ကမ်းစာအုပ်ငယ်များကို

ဓမ္မဒါန ပြုလုပ်လိုပါက

အောက်ပါလိပ်စာအတိုင်း

ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တက်လမ်းဆောက်လုပ်ရေးအဖွဲ့**

အမှတ်(၆၁)၊ စဥ့်အိုးတန်းလမ်း(အောက်)၊

လသာမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း – ၂၁၀၄၆၂၊ ၂၂၆၅၀၀။

[ပြင်ပစာအုပ်ဆိုင်များတွင် လုံးဝ ရောင်းချခြင်း မရှိပါ။]